# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## ရေပေးဝေရေးအဖွဲ့အကြောင်းနှင့်သက်ဆိုင်သည့်အစည်းအဝေးကို ဇုန်ဘီမှ ရေကော်မတီ၊ လျှပ်စစ်မီးကော်မတီနှင့်အတူ ကျင်းပခြင်း (၂၀၁၈ခုနှစ် ဇန်နဝါရီလ ၆ရက်)



၂၀၁၈ခုနှစ်၊ဇန်နဝါရီလ(၆)ရက်နေ့တွင် ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့သည်သီလဝါအထူးစီးပွားရေးဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာသို့သွားရောက်ကာ ရေထောက်ပံ့ရေးစနစ်နှင့်သက်ဆိုင်သောအကြောင်းအရာများအားတက်ရောက်လာသူများအားသိရှိစေရန်ကူညီရှင်းပြပေးခဲ့ပါသည်။အဆိုပါအစည်းအဝေးသို့ရေကော်မတီ၊ လျှပ်စစ်မီးကော်မတီတို့ မှ အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်ရာအိမ်မှူးတို့အပါအဝင်(၂၆) ဦးတက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ ရေသုံးစွဲသောအိမ်ထောင်စုများအားရေအသုံးပြုသူများအဖွဲ့အစည်းနှင့်သက်ဆိုင်သောစည်းကမ်းများကိုရှင်းလင်းခဲ့ကြပြီးရေအသုံးပြုသူများအတွက်စာရင်းကိုင်တစ်ယောက်ခန့်ထားရန်တိုင်ပင်ခဲ့ကြသည်။ ထပ်မံ၍ သီလဝါအထူးစီးပွားရေးဇုန် (ဘီ) ပြန်လည်နေရာချထားရေးနေရာတွင်ခြံစည်းရိုးကာရန်နှင့် လုံခြုံရေးဂိတ်ပေါက်များထားရှိရန်ဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။အစည်းအဝေးတွင်တက်ရောက်လာသူများမှပြန်လည်နေရာချထားသောနေရာအတွင်းချမှတ်ရန်စည်းကမ်းချက်များ ကိုသဘောတူသတ်မှတ်ခဲ့ ကြပါသည်။

## Meeting with Water Committee and Electricity Committee from Zone B for Water User Association (WUA) (6th January 2018)



On 6th January 2018, JICA Expert Team supported to explain about water supply system including water quality, maintenance, design, hardware and instructions at Relocation Site Zone B. 26 participants including the members of water and electricity committee, elders of community and 100 House Holds Leader attended the meeting. Continuously, JET explained about water user association (WUA), organizational chart, rules of organizational activities and rules of water use for all households were discussed to choose an in-charged person as an accountant. In addition, a discussion was made with the participants for relocation site fences and the security gates. In this meeting, participants discussed together and agreed the rules for Relocation Site Zone (B).

## TWA ကျေးလတ်ဒေသဖွံ့ဖြိုးရေးကူညီမှုအဖွဲ့နှင့်ပြင်ပစောင့်ကြည့်စစ်ဆေးခြင်းအပေါ် အစည်းအဝေးပြုလုပ်ခြင်း (၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁၀ရက်)



၂၀၁၈ခုနှစ် ဇန်နဝါရီလ(၁၀)ရက်နေ့တွင်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့သည် TWA ကျေးလတ်ဒေသဖွံ့ဖြိုးရေးကူညီမှုအဖွဲ့နှင့်အတူပြန်လည်နေရာချထားရေးနေရာဇုန်အေနှင့်ဘီတို့အတွက်ပြင်ပစောင့်ကြည့်စစ်ဆေးခြင်းအခြေအနေအပေါ် အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ၎င်းတို့၏လူနေမှုအခြေအနေများ၊ အခြေခံအဆောက်အဦးများ၊ရေထောက်ပံ့ရေးစနစ်၊ဝင်ငွေနှင့်အသက်မွေးဝမ်းကျောင်း၊ မကျေနပ်မှုများနှင့်တောင်းဆိုမှုများအပြင် ပြန်လည်နေရာမချထားခင်နှင့်နေရာချထားပြီး အခြေအနေ နှိုင်းယှဉ်ထားမှုစသည့်အချက်အလက်များအား အတိုချုပ်ရှင်းလင်းခဲ့ကြပါသည်။

## Meeting with TWA Ruel Development Services for external monitoring (10th January 2018)



On 10th January 2018, JET made a meeting with TWA Ruel Development Services in order to know the situation of external monitoring for Relocation Site Zone A and B. In this meeting the brief information of living condition, infrastructures, water supply system, income and livelihood situation, complaints and requests and also the comparison of current and past situation for both Zone A and B are collected.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## ရေမီတာဖတ်ခြင်း၊စာရင်းကိုင်ခြင်းနှင့်ငွေကြေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအတွက် သင်တန်းပေးခြင်း (၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁၄ရက်)



၂၀၁၈ခုနှစ် ဇန်နဝါရီလ(၁၄)ရက်နေ့တွင် ရေမီတာဖတ်ခြင်း၊ စာရင်းကိုင်ခြင်းနှင့် ငွေကြေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များနှင့်သက်ဆိုင်သော သင်တန်းများပေးရန်အတွက်ရေကော်မတီနှင့်လျှပ်စစ်မီးကော်မတီ တို့မှအဖွဲ့ဝင်များဖြင့်စုပေါင်းဖွဲ့စည်းထားသောရပ်ရွာလူထုကူညီမှုအဖွဲ့ နှင့်တွေ့ဆုံခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရာအိမ်မှူးအပါအဝင် (၈)ယောက်တက်ရောက်ခဲ့ပါသည်။အစည်းအဝေးတွင်ရေအသုံးပြုသူများအဖွဲ့၏ ငွေပေးချေမှုနှင့်ပတ်သက်သော အချက်အလက်များ ဖြည့်သွင်းမှု၊ရေအသုံးပြုမှုငွေလက်ခံဖြတ်ပိုင်း၊ရေအသုံးပြုသူများအဖွဲ့ စာရင်းစာအုပ်(ငွေစာရင်းစာအုပ်)၊ဘဏ်စာအုပ်နှင့် ့လစဉ်ငွေစာရင်း အစီရင်ခံစာအားမည်သို့ပြင်ဆင်ရမည်တို့ကိုသက်ဆိုင်ရာဥပမာများ ဖြင့်ရှင်းပြခဲ့ပါသည်။ဆက်လက်၍အဖွဲ့ဝင်များမှရေအသုံးပြုသူများနှင့် စာရင်းကိုင်တို့အတွက် လိုအပ်သောစည်းကမ်းများကို ဆွေးနွေးတိုင်ပင်ကာအတည်ပြုချမှတ်ခဲ့ကြသည်။

## Giving the training for reading water meter, accounting system and Financial management procedure (14th January 2018)



In order to give the training for reading water meter, accounting system and financial management procedure, JICA Expert Team (JET) made a meeting with village social support committee which is combined with the members from water and electricity committee on 14th January, 2018. Total 8 participants including 100 Household Leader and committee members attended the meeting. In this meeting, JET explained about data entry in Water User Association (WUA) payment sheet, receipt of water bill, WUA Accounting book (Cash Book), Bank Book and how to prepare Monthly Financial Report with relevant examples. Then, the committee members discussed together and made the additional rules for accountant and water users.

## သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားပွဲတော်၌ ယာယီဈေးဆိုင်ခန်းတစ်ခန်း ဖွင့်လှစ်ခြင်း (၂၀၁၈ခုနှစ်၊ဇန်နဝါရီလ၂၇ရက်)



ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့မှ ဖေဖော်ဝါရီလ ၁ရက်နေ့အထိ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီတို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့်သန်လျင်မြို့နယ်၊ကျိုက်ခေါက်ဘုရားပွဲတော်၌ ယာယီဈေးဆိုင်ခန်းတစ်ခန်းအား ဖွင့်လှစ်ခဲ့ပါသည်။ ဤဆိုင်ခန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်မှာ သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်သောစီမံကိန်းများ၊ပြန်လည်နေရာချထားရေးနှင့်မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တိုအပါအဝင် အခြားသောဂျိုက်ကာ၏ဆောင်ရွက်ချက်များအား လာရောက်လေ့လာသူများအားရှင်းလင်းပြသလိုခြင်းဖြစ်ပါသည်။ထို့အပြင်ဂျပန်အစားအစာများဖြစ်သောထကိုရကီနှင့်အိုကိုနိမိရကီတို့အားရောင်းချပေးခဲ့ပြီးကံစမ်းမဲအစီအစဉ်များကိုလည်း ထည့်သွင်းခဲ့ပါသည်။

## Opening a tempory shop at Kyeik Kauk Pagoda Festival in Thanlyin Township (27th January 2018)




On 27th January 2018, JET lunched a temporary shop cooperated by TSMC and MJTD at Kyaik Khauk Pagoda Festival in Thanlyin township until the 1st February 2018. The purpose is to exhibit the projects of Thilawa Special Economic Zone and JICA activities including resettlement and income restoration program to the visitors. In addition, Japanese snacks (Takoyaki and Okonomiyaki) are sold at the shop and lucky draw program is opened to those who purchased the snacks.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649